ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်

ဆည်မြောင်းဝန်ကြီးဌာနကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျောက်ကြီးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)

## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

သောင်လယ်ကျေးရွာအုပ်စု၊ သောင်လယ်ကျေးရွာ

မတ်လ၊ ၂၀၁၇ ခုနှစ်

## မာတိကာ


စဉ် အကြောင်းအရာ

၁။ မြို့နယ်မြေပုံ

၂။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၃။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း(PSA /PRA) အကျဉ်းချုပ်ဇယား

၄။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၅။ ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းစဉ်များ

၆။ ကော်မတီဝင်များစာရင်း

၇။ ကျေးရွာအချက်အလက် (ပုံစံ - ၁)

၈။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ - ၂)

၉။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ - ၃)

၁၀။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းများရွေးချယ်ခြင်း (ပုံစံ - ၄)

၁၁။ အစည်းအဝေးတက်ရောက်သူများစာရင်း (ပုံစံ - ၁၂)

၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ် တမ်းဓာတ်ပုံများ

# ကျောက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# မြို့နယ်မြေပုံ



# သောင်လယ်ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၁။ သောင်လယ်ကျေးရွာ

၂။ သာစည်ကျေးရွာ

၃။ ဒိုးတန်းကျေးရွာ

၄။ နွယ်တန်းကျေးရွာ

၅။ အင်ကြင်းကုန်းကျေးရွာ

၆။ ကညင်ကျကျေးရွာ

၇။ သန်လျက်စွန်းကျေးရွာ

၈။ ခုံကြီးကျေးရွာ

၉။ ရမ်ကစ်ကျေးရွာ

စုစုပေါင်းကျေးရွာအရေအတွက် ( ၉ ) ရွာဖြစ်ပါသည်။


# လူမှုဆန်းစစ်ခြင်းအနှစ်ချုပ်

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံ | ၁၀.၃.၂၀၁၇ | ရွာသူရွာသားများ | ၃၃ | ၃၀ | ၆၃ | အိမ်အမျိုးအစား၊အခြေခံအ ဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေ၊ရေတွင်းရေကန်၊သစ်တောများကိုမှတ်သားပြီးအသုံးပြုနိုင်မှုပြဿနာအခက်အခဲများကိုဆန်းစစ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၁၀.၃.၂၀၁၇ | ရွာသူရွာသားများ | ၃၄ | ၂၉ | ၆၃ | ရာသီဥတု၊စိုက်ပျိုးသီးနှံများလယ်ယာလုပ်ငန်းများ၊နေ့စားကျပန်းလုပ်ငန်းများ၊ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၁၀.၃.၂၀၁၇ | ရွာသူရွာသားများ | ၃၃ | ၃၀ | ၆၃ | ကျေးရွာလူမှုစီးပွားအုပ်စုခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်းကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ကျား/မ ရေးရာပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၀.၃.၂၀၁၇ | ရွာသူရွာသားများ | ၃၄ | ၂၉ | ၆၃ | အရင်းအမြစ်များစာရင်းပြုစုခြင်းအရင်းအမြစ်များကိုကျား/မပိုင်ဆိုင်မှု၊ထိန်းချုပ်မှု၊အသုံး ပြုနိုင်မှုကိုဆန်းစစ်လေ့လာခြင်း |

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၅ | အဖွဲ့အစည်းချိတ်ဆက်မှုလေ့လာခြင်း | ၁၁.၃.၂၀၁၇ | ရွာသူရွာသားများ | ၃၃ | ၃၀ | ၆၃ | ကျေးရွာဖွံ့ဖြိုးရေးအတွက်ရွာတွင်းရွာပြင်အဖွဲ့အစည်းအသီးသီးနှင့်မည်သို့ချိတ်ဆက်လုပ်ဆောင်ကြသည်ကိုလေ့လာဆန်းစစ်ခြင်း |
| ၆ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၁၁.၃.၂၀၁၇ | ရွာသူရွာသားများ | ၃၄ | ၂၉ | ၆၃ | အမျိုးသားနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှု/မရရှိမှုနှင့်ကွာဟချက်ကိုဆန်းစစ်ခြင်း |
| ၈ | ပြဿနာသစ်ပင် (ကျား) | ၁၁.၃.၂၀၀၇ | ရွာသူရွာသားများ | ၆၇ | | ၆၇ | အခက်အခဲတစ်ခုအပေါ်အကြောင်းအရင်း၊အကျိုးအကျိုးဆက်နှင့်တကွဆက်စပ်လေ့လာပြီးလိုအပ်ချက်ကိုဆန်းစစ်အတည်ပြုခြင်း |
| ၉ | ပြဿနာသစ်ပင် (မ) | ၁၁.၃.၂၀၀၇ | ရွာသူရွာသားများ | | ၅၉ | ၅၉ | အခက်အခဲတစ်ခုအပေါ်အကြောင်းအရင်း၊အကျိုးအကျိုးဆက်နှင့်တကွဆက်စပ်လေ့လာပြီးလိုအပ်ချက်ကိုဆန်းစစ်အတည်ပြုခြင်း |
| ၁၀ | ကျေးရွာ၏(၄) နှစ်စာ ဦးစားပေးအစီအစဉ် | ၁၁.၃.၂၀၀၇ | ရွာသူရွာသားများ | ၆၇ | ၅၉ | ၁၂၆ | အကျိုးခံစားခွင့်၊အကျိုးပြုသူဦးရေအဓိကလိုအပ်ချက်အအပေါ်မူတည်၍စီမံကိန်းရေးဆွဲခြင်း |

# အရင်းအမြစ်ပြမြေပုံ

ကျေးရွာ - သောင်လယ် အုပ်စု - သောင်လယ် နေ့စွဲ - ၁၀.၃.၂၀၁၇



ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ သောင်လယ်ကျေးရွာအုပ်စု၊ သောင်လယ်ကျေးရွာ၏ အရင်း

အမြစ်ပြမြေပုံ သုံးသပ်ချက်များ

သောင်လယ်ကျေးရွာသည် ကျောက်ကြီးမြို့နယ်၏ မြောက်ဘက်တွင် တည်ရှိသည်။ အိမ်ခြေပေါင်း (၁၃၆) အိမ်ရှိသည်။ သောင်လယ်ကျေးရွာသည်ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ အမျိုးသမီးဦးစီးသော အိမ်ထောင်စုအရေအတွက် သည် (၁၁၀)အိမ်ရှိပြီး အမျိုးသားဦးစီးသော အိမ်ထောင်စု ( ၂၆)အိမ်ရှိသည်။ လူဦးရေမှာ (၆၄၈)ယောက် ရှိပြီး အမျိုးသား( ၃၀၅)ယောက်နှင့် အမျိုးသမီး (၃၄၃)ယောက်ရှိပါသည်။

သောင်လယ်ကျေးရွာတွင် သောက်သုံးရေအတွက် လက်နှိပ်တုံကင်တွင်းနှင့် ရေတွင်းများကိုသာ အသုံးပြုကြသည်။ အဆင့်မြင့်သောက်သုံးရေ အမျိုးအစားမဟုတ်သော်လည်း တက်နိုင်သောငွေကြေးနှင့် ရနိုင်သောအနေအထားဖြင့် ကျေးနပ်စွာအသုံးပြုကြသည်။ သို့အတွက် ရေရှားပါးမှု ရှိပါ။သောက်သုံးရေကို သဲများဖြင့်စစ်သုံးရပါသည်။

လမ်းပမ်းဆက်သွယ်ရေး

လမ်းပန်းဆက်သွယ်ရေးမှာ ရွာတွင်းသဲလမ်း ကျောက်ကြီးသို့သွားသော ကျောချော‌လမ်း ရှိပါသည်။ မိုးတွင်းအချိန်တွင် ‌ေ မြသားလမ်းနှင့် ဂဝံလမ်းတို့မှာ မကောင်းသဖြင့် သွားလာရေးခက်ခဲပါသည်။ အင်းကိုဖြတ်ထားသောတံတားမှာလည်း ကောင်းမွန်ခြင်းမရှိသော ကြောင့် သွားလာရေးတွင် အန္တရာယ်ရှိပါသည်။ ကျန်းမာရေးအတွက် အရေးပေါ်အသုံးပြုရန်အတွက် လည်း ခက်ခဲပါသည်။ စီမံကိန်းဖြင့် ကျေးရွာတွင်းလမ်းများကို တစ်နှစ်ချင်း အပိုင်းလိုက်ခင်းရန် အစီအစဥ်ရှိပါသည်။

ပညာရေး

သောင်လယ်ကျေးရွာသည် မူလတန်းလွန်ကျောင်းရှိပါသည်။ ကျောင်းဆောင်များမှာ (၁)ထပ်၊ သစ်သားကျောင်းဆောင် ၁ဆောင်ရှိပါသည်။ ဆရာ၊ဆရာမနှင့် ဝန်ထမ်းစုစုပေါင်း (၆)ဦးခန့်နှင့် ကျောင်းသား/သူ (၁၄၀)ခန့် ရှိပါသည်။ ပညာရေးအတွက် စာကြည့်တိုက်မရှိသဖြင့် ဗဟုသုတနည်းပါးကြသည်ကို တွေ့ရပါသည်။

ကျမ်းမာရေး

သောင်လယ်ကျေးရွာတွင် ဆေးပေးခန်းမရှိသဖြင့် ကျန်းမာရေးအခက်အခဲများရှိပါက မုန်းတိုက်နယ်ဆေးရုံသို့သွားရောက်ရပါသည်။ ကိုယ်ဝန်ဆောင်နှင့်ကလေးငယ်များအတွက် ကာကွယ်ဆေးများကိုလည်း အခါအားလျော်စွာ တိုက်ကျွေးပါသည်။ တရွာလုံးနီးပါး ယင်လုံအိမ်သာကိုသာ အသုံးပြုကြပါသည်။

စီးပွားရေး

သောင်လယ်ကျေးရွာအဓိကစီးပွားရေးမှာ ကြံ့ရာကျဘမ်းအလုပ်များနှင့် နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင်သူများပြားပါသည်။ အခြားအဓိကလုပ်ငန်းမှာ အင်းလုပ်ငန်းနှင့် လယ်၊ကိုင်းလုပ်ငန်း များကိုလုပ်ကိုင်သူများမှာလည်း ရှိကြပါသည်။ မိုးတွင်းအခါတွင်ရေကြီးသဖြင့် ပျက်စီးဆုံးရှုံးမှု များပြားလှပါသည်။

<u>ပြဿနာ အခက်အခဲ အနှစ်ချုပ်</u>

သောင်လယ်ကျေးရွာ၏ အခက်အခဲပြဿနာအနှစ်ချုပ်မှာ ရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်း

ကောင်းသဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့တွင် အခက်အခဲပြဿနာများရှိပါသည်။ လယ်၊ ကိုင်း၊လုပ်ငန်းများအတွက် ထိရောက်သောနည်းပညာအကူအညီလိုအပ်ပါသည်။ အလုပ်အကိုင်ရှား ပါးမှုကြောင့် စားဝတ်နေရေးအခက်အခဲရှိပါသည်။

ပံ့ပိုးကူညီသူ - နော်သြဂတ်စတီးနာ၊ဦးဟန်ညီချို

ပါဝင်ဆွေးနွေးသူ - ကျား ( ၃၃ )ဦး ၊ မ ( ၃၀ )ဦး

ပါဝင်ဆွေးနွေးသူ၊ (၆၃)ဦး

# ရာသီခွင်ပြပြက္ခဒိန်

ကျေးရွာ - သောင်လယ်　　　　အုပ်စု - သောင်လယ်　　　　နေ့စွဲ -၁၀.၃.၂၀၁၇

| လုပ်ငန်းများ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| လယ်လုပ်ငန်း | | | ☆ | ★★ | ★★★ | ★★★ | ★★ | ☆ | | | | |
| ကိုင်းလုပ်ငန်း | | | | | △ | △ | △△ | ▲▲▲ | ▲▲▲ | △△ | △ | △ |
| ကျဘမ်း | ♥ | ♥ | ♥ | ♥ | ♥ | ♥ | ♥ | ♥ | ♥ | ♥ | ♥ | ♥ |
| ပွဲတော်ကာလ | ✚ | | | | | ✚ | ✚✚ | ✚✚✚ | | | | |
| ဝင်ငွေနည်းကာလ | ↷ | ↷ | ↷ | ↷ | ↷ | | | | | | | ↷ |
| ကျန်းမာရေးချို့တဲ့ကာလ | | | ☺☺☺ | | | | | ☺☺☺ | | | | |

ပံ့ပိုးကူညီသူ -ဒေါ်ဝတ်ရည်လှိုင်၊ဦးစိုင်းအောင်ထက်သူ　　　　ပါဝင်သူ - ကျား (၃၄)+ မ (၂၉)

အညွှန်း - ၃ခု= များ　　　　၂ခု= အလယ်အလတ်　　　　၁ခု=အနည်း

## ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ သောင်လယ်ကျေးရွာအုပ်စု၊ သောင်လယ်ကျေးရွာ၏ ရာသီခွင်ပြက္ခဒိန် သုံးသပ်ချက်များ

ရက်စွဲ၊ ၁၀.၃.၂၀၁၇

ကျေးရွာ -သောင်လယ်

နေရာ၊ စာသင်ကျောင်း

သောင်လယ်ကျေးရွာ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာစိုက်ပျိုးလုပ်ငန်းဖြစ်ပါသည်။ မိုးရာသီတွင် စပါးအသီးနှံများကို အဓိကစိုက်ပျိုးကြပါသည်။ ဆောင်းရာသီတွင် မြေပဲ၊ မတ်ပဲစသည့်ပဲများကို အဓိကထားစိုက် ပျိုးကြပါသည်။ ကျွဲ၊ နွား၊ ဘဲ၊ ကြက်စသည်တို့ကိုလည်း တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ လက်လုပ်လက်စားများသည်မိုးရာသီတွင်ငါးရှာခြင်း၊ဖားရိုက်ခြင်းစသည့်လုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။ သောင်လယ်ကျေးရွာတွင် ဝါခေါင်လ နှင့်တော်သလင်းလများတွင် ရေကြီးပါသည်။ နွေရာသီတွင် သီးနှံများရောင်းချချိန်ဖြစ်သောကြောင့် ဝင်ငွေအသင့်သင့်ရှိပြီး မိုးရာသီနှင့်ဆောင်းရာသီတွင် စိုက်ပျိုးရိတ်သိမ်း ကုန်ကျစရိတ်များရှိသဖြင့် ထွက်ငွေအသင့်သင့်ရှိပါသည်။ သာစည်ကျေးရွာပွဲတော်ကာလအနေဖြင့် တန်ခူး၊ တော်သလင်း၊ တန်ဆောင်မုန်းလများတွင် ပွဲတော်များဆင်နွဲကြပါသည်။

သောင်လယ်ကျေးရွာ၏အဆင်မပြေသောမိသားစုများမှအမျိုးသမီးများသည်မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြပါသည်။ သောင်လယ်ကျေးရွာတွင် လူငယ်အမျိုးသား၊အမျိုးသမီးများသည် နိုင်ငံခြားသို့ သွားရောက်၍ စီးပွားရေးတိုးတက်ရန်လုပ်ကိုင်ကြပါသည်။သန့်ရှင်းသောသောက်သုံးရေကို ကောင်းစွာမရှိသဖြင့် ဝမ်းပျက်၊ဝမ်းလျှောရောဂါများ အဖြစ်များပါသည်။

ပါဝင်ဆွေးနွေးသူ၊ (၆၃)ဦး

# မနေအင်အားအဆင့်သတ်မှတ်ခြင်း

ကျေးရွာ - သောင်လယ်　　　အုပ်စု - သောင်လယ်　　　နေ့စွဲ - ၁၀.၃.၂၀၁၇

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်း | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | နွား(၂)ချဉ်း၊တိုက်၊သွပ်မိုး၊ဆိုလာကြီး၊ကား၊TV၊စလောင်း လယ်(၁၀)ကေ၊ရေစုပ်စက်၊စက်လှေ၊ဝွန်ဒေါင်း ၊ဆိုင်ကယ်၊ထွန်စက် | ၁၀၀ | ၃၂% |
| အလယ်အလတ် | နွား(၁)ချဉ်း၊အုပ်ဖိနပ်ခံ၊သွပ်မိုး၊ပျဉ်ကာ၊ဆိုင်ကယ်၊ လယ်(၂)ကေ၊ဆိုင်ကယ်၊လက်တော့TV၊စက်ဘီး | ၁၀၀ | ၃၂% |
| နွမ်းပါး | သက်ကယ်မိုး၊ပကာအိမ်၊ထရံကာ၊စက်ဘီး | ၁၀၉ | ၃၆% |
| အနွမ်းပါးဆုံး | | | |
| စုစုပေါင်း | | ၃၀၉ | ၁၀၀% |

ပွဲ့ပိုးကူညီသူ - နော်ဩဂတ်စတီးနာ၊ဦးဟန်ညီရှို　　　ပါဝင်သူ - ကျား (၃၃) + မ (၃၀)

ပါဝင်ဆွေးနွေးသူ၊ (၆၃)ဦး

<u>ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ သောင်လယ်ကျေးရွာအုပ်စု၊ သောင်လယ်ကျေးရွာ၏ ဥစ္စာမနခွဲခြားမှု သုံးသပ်ချက်များ</u>

ရက်စွဲ၊ ၁၀.၃.၂၀၁၇

ကျေးရွာ -သောင်လယ်

နေရာ၊ စာသင်ကျောင်း

သောင်လယ်ကျေးရွာ အဓိကစီးပွားရေးအရင်းအမြစ်မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ မိုးရာသီတွင် ပျိုးကျဲခြင်းလုပ်ငန်း၊ ကောက်စိုက်ခြင်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ဆောင်းရာသီတွင် ပဲမျိုးစုံစိုက်ပျိုးကြပါသည်။ သာစည်ကျေးရွာ၏ အဆင်ပြေသောမိသားစုများ၏နေအိမ်များမှာ တိုက်၊ သွပ်မိုးအိမ်များဖြင့်နေထိုင်ကြပါသည်။ အလယ်လတ်မိသားစုများမှာ အုတ်ဖိနပ်ခံ၊ ကြမ်းခင်း၊ သွပ်မိုးအိမ်များဖြစ်ကြပါသည်။ ဝွန်ဒေါင်း၊ကား၊စက်လှေ၊ဆိုင်ကယ်၊ များကို အဆင်ပြေသော မိသားစုများအသုံးပြုကြပြီး ကျွဲ၊ နွားစသည်များကို အဆင်ပြေသောမိသားစုနှင့် အလယ်လတ်များ အားလုံး နီးပါးပိုင်ဆိုင်ကြပါသည်။လက်လုပ်လက်စားမိသားစုများမှာရာသီအလိုက်ကျပန်းအလုပ်များလုပ်ကိုင်ကြပါ သည်။အလွန်နွမ်းပါးသောမိသားစုများမှာသက်ကယ်မိုး၊ပကာအိမ်များပြုလုပ်ခါကြုံရာကျဘမ်းလုပ်ငန်းများကို သင့်သလိုလုပ်ကိုင် ကြ ပါသည်။

<u>ပြဿနာ အနှစ်ချုပ်</u>

သောင်လယ်ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်စားသောက်ကြပြီးလက်လုပ် လက်စား မိသားစုများမှာ အလုပ်အကိုင်ရှားပါးကြပါသည်။

ပါဝင်ဆွေးနွေးသူ၊ (၆၃)ဦး

# အရင်းအမြစ်ပိုင်ဆိုင်အသုံးပြုမှု

ကျေးရွာ -သောင်လယ် အုပ်စု - သောင်လယ် နေ့စွဲ - ၁၀.၃.၂၀၁၇

| ကျား | မ | ကျား+မ |
|---|---|---|
| လှည်း | အပ်ချုပ်စက် | လယ် |
| ထွန်စက် | ဝက် | ဘက်ထရီ |
| မီးစက် | ကြက် | အိမ် |
| | ဘဲ | ဆိုလာပြား |
| | ဆိတ် | စက်ဘီး |
| | | ဆိုင်ကယ် |
| | | TV |
| | | နွား |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |

ပံ့ပိုးကူညီသူ - စိုင်းအောင်ထက်သူ၊ဝတ်ရည်လှိုင် ပါဝင်သူ - ကျား (၃၄)+ မ (၂၉)

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ သောင်လယ်ကျေးရွာအုပ်စု၊ သာစည်ကျေးရွာ၏ အရင်းပိုင်ဆိုင်အသုံးပြုမှု သုံးသပ်ချက်များ

ရက်စွဲ၊ ၁၀.၃.၂၀၁၇

ကျေးရွာ - သောင်လယ်

နေရာ၊ စာသင်ကျောင်းဆောင်

သောင်လယ်ကျေးရွာ၏ အရင်းအမြစ် အသုံးပြုမှု ခွဲခြမ်းစိတ်ဖြာခြင်းတွင် အမျိုးသား၊အမျိုးသမီးများ အသုံးပြုသောအရင်းအမြစ်များမှာဆိုလာ၊ထွန်စက်၊မီးစက်၊လယ်၊ဝက်၊နွား၊လှည်း၊TV၊လှည်း၊အိမ်၊ ဆိုင်ကယ်၊ စက်ဘီး၊ အပ်ချုပ်စက်၊ ဘက်ထရီတို့ဖြစ်ပါသည်။ အမျိုးသားများ အများဆုံးအသုံးပြုသော အရင်းအမြစ်များမှာ လှည်း၊ ထွန်စက်၊မီးစက် အသုံးပြုကြပါသည်။ကျန်အရင်းအမြစ်များကိုမှု အတူတကွရယူသုံးစွဲကြပါသည်။အမျိုးသမီးများသည်ဝက်၊အပ်ချုပ်စက်၊ဗီဒိုစသည်တို့ကိုအသုံးပြုကြပါသည် ။

**ပြဿနာအနှစ်ချုပ်။** ။ အမျိုးသမီးများသည် အရင်းမြစ်အသုံးချမှုတွင် အနည်းငယ်သာရှိသည်ကို တွေ့ရပါသည်။ အမျိုးသမီးများသည် အရင်းအမြစ်များအပေါ်အသုံးချမှုနည်းနေခြင်းမှာ အိမ်မှုကိစ္စများတွင် အချိန်ကုန်နေခြင်း၊ အမျိုးသမီးများအသုံးပြုနိုင်သော အရင်းအမြစ်နည်းပါးခြင်းတို့ကြောင့် ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူ (၆၃)ဦး။

# ပိုင်ဆိုင်မှုကိုထိန်းချုပ်ခြင်း

ကျေးရွာ -သောင်လယ် အုပ်စု - သောင်လယ် နေ့စွဲ - ၈.၃.၂၀၁၇

| ကျား | မ | ကျား+မ |
|---|---|---|
| လှည်း | အပ်ချုပ်စက် | လယ် |
| ထွန်စက် | ဝက် | လှေ |
| မီးစက် | ဗီဒို | ဘက်ထရီ |
| နွား | | ဆိုလာ |
| | | စက်ဘီး |
| | | ဆိုင်ကယ် |
| | | TV |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |

ပါဝင်သူ - ကျား (၃၃) + မ (၃၀)

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ သောင်လယ်ကျေးရွာအုပ်စု၊ သောင်လယ်ကျေးရွာ၏ ပိုင်ဆိုင်မှုထိန်းချုပ်ခြင်း သုံးသပ်ချက်များ

ရက်စွဲ၊ ၁၀.၃.၂၀၁၇

ကျေးရွာ -သောင်လယ်

နေရာ၊ စာသင်ကျောင်းဆောင်

သောင်လယ်ကျေးရွာအရင်းအမြစ် ထိန်းချုပ်မှု ခွဲခြမ်းစိတ်ဖြာခြင်းတွင် အမျိုးသား၊အမျိုးသမီးများ ထိန်းချုပ် သောသောအရင်းအမြစ်များမှာလှည်း၊ထွန်စက်၊မီးစက်၊အပ်ချုပ်စက်၊ဝက်၊အိမ်၊နွား၊ဆိုင်ကယ်၊လယ်၊ဘက်ထရီ၊ဆိုလာပြား၊စက်ဘီး၊TV၊တို့ ဖြစ်ပါသည်။


အမျိုးသားများ အများဆုံးထိန်းချုပ်သော အရင်းအမြစ်များမှာ လှည်း၊ ထွန်စက်၊ မီးစက်များကို အသုံးပြုကြပါသည်။ ကျန်အရင်းအမြစ်များကိုမှ အတူတကွရယူသုံးစွဲကြပါသည်။ အမျိုးသမီးများသည် ဝက်၊ အပ်ချုပ်စက်၊ ဗီဒို တို့ကို ထိန်းချုပ်အသုံးပြုကြပါသည်။

**ပြဿနာအနှစ်ချုပ်။** ။ အမျိုးသမီးများသည် အရင်းမြစ်ထိန်းချုပ်မှုတွင် အနည်းငယ်သာရှိသည်ကို တွေ့ တွေ့ရပါသည်။ အမျိုးသမီးများသည် အရင်းအမြစ်များအပေါ်ထိန်းချုပ်မှုနည်းနေခြင်းမှာ အိမ်မှုကိစ္စများတွင် အချိန်ကုန်နေခြင်း၊ အမျိုးသမီးများထိန်းချုပ်နိုင်သော အရင်းအမြစ်နည်းပါးခြင်းတို့ကြောင့် ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူ (၆၃)ဦး။

# အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား

ကျေးရွာ -သောင်လယ် အုပ်စု - သောင်လယ် နေ့စွဲ - ၁၀.၃.၂၀၁၇




ပံ့ပိုးကူညီသူ - စိုင်းအောင်ထက်သူ၊ဝတ်ရည်လှိုင် ပါဝင်သူ - ကျား (၃၄) + မ (၂၉)

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ သောင်လယ်ကျေးရွာအုပ်စု၊ သောင်လယ်ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား သုံးသပ်ချက်များ

ရက်စွဲ၊ ၁၀-၃-၂၀၁၇။

ကျေးရွာ -သောင်လယ်ကျေးရွာ

နေရာ၊ စာသင်ကျောင်းဆောင်

| စဉ် | ကျေးရွာအတွင်းအဖွဲ့အစည်းများ | ပြင်ပအဖွဲ့အစည်းများ |
|---|---|---|
| ၁ | ကျေးရွာဥက္ကဌ | အုပ်စု အုပ်ချုပ်ရေး(ဥက္ကဌ) |
| ၂ | ဂေါပကအဖွဲ့ | |
| ၃ | အမျိုးသမီးရေးရာ | တပ်မတော် |
| ၄ | အမျိုးသမီးခေါင် | ရဲတပ်ဖွဲ့ |
| ၅ | ကျောင်းကော်မတီ | ကျန်းမာရေးအဖွဲ့ |
| ၆ | နာရေးကူညီမှုအဖွဲ့ | လူထုဗဟိုပြုစီမံကိန်းအဖွဲ့ |
| ၇ | ကာလသားခေါင်းဆောင် | |
| ၈ | ကြက်ခြေနီအဖွဲ့ | |


သောင်လယ်ကျေးရွာတွင်း အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ဂေါပ ကအဖွဲ့ အမျိုးသမီးရေးရာ၊ အမျိုးသမီးခေါင် ၊ ကျောင်းကော်မတီ၊ နာရေးကူညီမှုအဖွဲ့၊ ကာလသားခေါင်းဆောင်၊ ကြက်ခြေနီအဖွဲ့ တို့ဖြစ်ပါသည်။ ပြင်ပအဖွဲ့အစည်းများမှာ အုပ်စု အုပ်ချုပ်ရေး(ဥက္ကဌ)၊ ကျန်းမာရေးအဖွဲ့၊ ရဲတပ်ဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းအဖွဲ့၊တပ်မတော်။တို့ဖြစ်ပါသည်။

သောင်လယ်ကျေးရွာ၏အဓိကဖွံ့ဖြိုးရေးကိုလုပ်ဆောင်ပေးသောအဖွဲ့အစည်းများမှာကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ၊လူထုဗဟိုပြုစီမံကိန်းအဖွဲ့၊တို့ဖြစ်ပါသည်။ကျန်အဖွဲ့အစည်းများမှာလည်းတစ်ဖွဲ့နှင့် တစ်ဖွဲ့ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ပူးပေါင်းပါဝင်ဆောင် ရွက်ပေးကြပါသည်။

ပါဝင်ဆွေးနွေးသူ(၆၃)ဦး။

# ပင့်ကူအိမ်သုံးသပ်ခြင်း

ကျေးရွာ - သောင်လယ်     အုပ်စု - သောင်လယ်     နေ့စွဲ - ၁၀.၃.၂၀၁၇




ပံ့ပိုးကူညီသူ - နော်ဩဂတ်စတီးနား၊ဦးဟန်ညီရှိ     ပါဝင်သူ - ကျား (၃၃) + မ(၃၀)

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ သောင်လယ်ကျေးရွာအုပ်စု၊ သောင်လယ်ကျေးရွာ၏ ပင့်ကူအိမ် သုံးသပ်ချက်များ

ရက်စွဲ၊ ၁၀.၃.၂၀၁၇

ကျေးရွာ - သောင်လယ်

နေရာ၊ စာသင်ကျောင်းဆောင်

သောင်လယ်ကျေးရွာရှိ အမျိုးသားနှင့်အမျိုးသမီးများ၏ ပင့်ကူအိမ်သုံးသပ်ချက်အခြေအနေများကို ခေါင်းစဉ်တစ်ခုဖြင့် ဆွေးနွေးခဲ့ကြပါသည်။ (၁) ကျန်းမာရေး၊ (၂) ပညာရေး၊ (၃) ဦးဆောင်မှု (၄) အလုပ်အကိုင်ရရှိမှု၊ (၅) အိမ်မှု ကိစ္စ၊ (၆) ဆုံးဖြတ်ချက်၊ (၇) ဝင်ငွေရှိမှု၊ (၈) လူမှုရေး တို့ဖြစ်ပါသည်။

**(၁) ကျန်းမာရေး**

သောင်လယ်ကျေးရွာရှိ အမျိုးသမီးများ ကျန်းမာရေးမှာ (၁၀၀)ရာခိုင်နှုန်းရှိပြီး၊ အမျိုးသားများ၏ ကျန်းမာရေးမှာ(၉၀)ရာခိုင်နှုန်းဖြစ်ပါသည်။အမျိုးသမီးများသည်အိမ်တွင်းမှာသာနေထိုင်၍အိမ်မှုကိစ္စများလုပ်ကိုင်နေရသဖြင့် ကျန်းမာရေးကောင်းမွန်ကြပါသည်။

**(၂) ပညာရေး**

သောင်လယ်ကျေးရွာရှိ အမျိုးသား/အမျိုးသမီးများ၏ ပညာရေးလက်လှမ်းမှီမှု သုံးသပ်ချက်တွင် အမျိုးသား(၆၀)ရာခိုင်နှုန်းရှိပြီးအမျိုးသမီးများသည်(၇၀%)ရှိပါသည်။
သောင်လယ်ကျေးရွာတွင်အထက်တန်းကျောင်းမရှိသဖြင့်ပညာသင်ကြားရာတွင် မုန်းအထကကျောင်းသို့ တက်ရောက်ကြ သည်။ ကျောင်းသား/သူများသည် မိုးတွင်းအခါတွင် ရွှံ့ဗွက်များကိုဖြတ်ခါသွားလာရသဖြင့် လမ်း ခရီးခက်ခဲကြမ်းတမ်းလှပါသည်။ ကျောင်းသား/သူများသည် သွားလာရေးခက်ခဲသဖြင့် ပညာသင်ကြားရန်အခက်အခဲရှိပါသည်။အမျိုးသား/သမီးအားလုံး
ပညာသင်ကြားမှုတွင်ကောင်းမွန်စွာပညာသင်ကြားနိုင်ကြ သည်။ ကျောင်းသားများသည် အတန်းမြင့်လာလျှင် ကျောင်းထွက်၍ အခြားနိုင်ငံများသို့ သွားရောက်၍ မိသားစုစီးပွားရေးအတွက် အလုပ်လုပ်ကိုင်ကြသည်။

**(၃) ဦးဆောင်မှု**

အမျိုးသားနှင့်အမျိုးသမီးဦးဆောင်မှုတွင်အမျိုးသားများသည်ဦးဆောင်မှုပိုကာ (၈၀)ရာခိုင်နှုန်းရှိပါသည်။ အမျိုးသမီးများသည်ဦးဆောင်မှုတွင်အမျိုးသားများထက်နည်းသောရာခိုင်နှုန်းဖြင့်တည်ရှိနေပါသည်။ အမျိုးသမီးများသည်(၅၀)ရာခိုင်နှုန်းသာရှိရခြင်းမှာမိသားစုစားသောက်ရေးအတွက်အိမ်မှုကိစ္စများကိုလုပ်ဆောင် နေရ ခြင်းနှင့် မိမိကိုယ်တိုင် ဦးဆောင်နိုင်ရန်ယုံကြည်မှု အားနည်းနေခြင်းကြောင့် ဖြစ်ပါသည်။

## (၄) အလုပ်အကိုင်ရရှိမှု

သောင်လယ်ကျေးရွာရှိ အမျိုးသားများသည် စီးပွားရေးအလုပ်အကိုင်အခွင့်အလမ်းတွင် (၈၀)ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများသည် (၅၀)ရာခိုင်နှုန်းသာရှိပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် လက်လုပ်လက်စားနေ့ စားလုပ်ငန်းများတွင် အမျိုးသားများကသာ ဦးဆောင်လုပ်ကိုနေရခြင်းကြောင့် အလုပ်အကိုင်ရရှိမှုတွင် အမျိုးသမီးများထက် အမျိုးသားများက ရာခိုင်နှုန်းများနေခြင်းဖြစ်ပါသည်။

## (၅) အိမ်မှုကိစ္စ

သောင်လယ်ကျေးရွာ၏ အိမ်မှုကိစ္စဂရုစိုက်နိုင်မှုတွင် အမျိုးသားများသည် (၅၀)ရာခိုင်နှုန်းရှိသည်။ အမျိုးသမီး များသည် အိမ်မှုကိစ္စတွင် (၈၀)ရာခိုင်နှုန်းပါဝင်ဆောင်ရွက်ကြရသည်။ အမျိုးသမီးများသည် အမျိုးသားများ ထက် ရာခိုင်နှုန်းများနေရခြင်းမှာ ထမင်းချက်၊ အဝတ်လျှော်၊ ရေခ ပ်၊ သား/သမီးများ၏ ဝေယျာဝစ္စများကို ေ န့စဉ်လုပ်ဆောင်ပေးရခြင်းကြောင့်ဖြစ်ပါသည်။အမျိုးသားများ၏ အိမ်မှုကိစ္စတွင် ပါဝင်ကူညီမှု အနည်းငယ် ရှိပါသည်။

## (၆) ဆုံးဖြတ်ချက်

ဆုံးဖြတ်ချက်ချမှုကဏ္ဍတွင် အမျိုးသားများသည်(၉၀)ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများ၏ဆုံးဖြတ်ချက်နိုင်မှုမှာ (၉၀)ရာခိုင်နှုန်းရှိပါသည်။ သောင်လယ်ကျေးရွာ၏ အမျိုးသမီးများသည် အမျိုးသားများအား အကြံဉာဏ် ကောင်းများပေးနိုင်ပြီး အတူတကွပူးပေါင်းဆောင်ရွက်ပေးပါသည်။

## (၇) ဝင်ငွေရရှိမှု

သောင်လယ်ကျေးရွာ၏ဝင်ငွေရရှိမှုအခြေအနေသုံးသပ်ချက်တွင်အမျိုးသားများသည်(၈၀)ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများသည်(၅၀)ရာခိုင်နှုန်းရှိပါသည်။အမျိုးသမီးများသည်အမျိုးသားများသည်ဝင်ငွေရရှိ အလုပ်အကိုင်အခွင့်အလမ်းနည်းသော်လည်း ဝင်ငွေရရှိမှုတွင် အမျိုးသားနှင့်တန်းတူရရှိစေရန် ကောက်စိုက်၊ပဲနှုတ်၊အလုပ်များကို ရာသီချိန်တိုင်း ဝင်ရောက်လုပ်ကိုင်သဖြင့် ဝင်ငွေတန်းတူရရှပါသည်။

## (၈)လူမှုရေး။


သောင်လယ်ကျေးရွာ၏လူမှုရေးလုပ်ငန်းတွင်အမျိုးသားများသည်(၅၀)ရာခိုင်နှုန်းရှိပြီးအမျိုးသမီး များသည် (၅၀) ရာခိုင်နှုန်းရှိပါသည်။မျိုသားများသည်အဖွဲ့ အစည်းများတွင်ဝင်ရောက်၍ လုပ်ကိုင်ဆောင်ရွက်သလို အမျိုးသမီးများကလဲ ကျေးရွာတိုးတက်ရေးနှင့် သာရေးနာရေးများတွင် ကျရာလူမှုရေးတာဝန်များကို အမြဲလုပ်ဆောင်နေပါသည်။

ပါဝင်ဆွေးနွေးသူ(၆၃)ဦး။

# ပြဿနာသစ်ပင်

ကျေးရွာ - သောင်လယ်    အုပ်စု - သောင်လယ်    နေ့စွဲ - ၁၁.၃.၂၀၁၇

ကူညီပံ့ပိုးသူ -စိုင်းအောင်ထက်သူ၊ဝတ်ရည်လှိုင်    ပါဝင်ဆွေးနွေးသူ ကျား ( ၆၇) ၊မ(၅၉)



## ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ သောင်လယ်ကျေးရွာအုပ်စု၊ သောင်လယ်ကျေးရွာ၏ လမ်းဒုက္ခအခက်အခဲပြဿနာသစ်ပင် သုံးသပ်ချက်

ရက်စွဲ၊ ၁၁.၃.၂၀၁၇

ကျေးရွာ -သောင်လယ်

နေရာ၊ စာသင်ကျောင်းဆောင်

သောင်လယ်ကျေးရွာတွင်လမ်းအခက်အခဲပြဿနာကြောင်းရင်းမှာသံကွင်းစွပ်ကျွဲ၊နွား၊လှည်းများ မောင်း၍သော်လည်းကောင်း၊မိုးတွင်းအခါတွင်ထော်လာဂျီများမောင်း၍သော်လည်းကောင်း၊လမ်းသည်မြေ သားလမ်းဖြစ်သောကြောင့်လည်ကောင်း၊မြစ်ရေကြီးခြင်းကြောင့်လည်းကောင်းလမ်းများသည်တာရှည်အသုံး မခံပဲပျက်စီးရပါသည်။လမ်းများပျက်စီးရခြင်းကြောင့်ညီညာမှုမရှိသောလမ်းပေါ်တွင် သွားလာရခြင်းနှင့်ကျန်းမာရေးနှောက်နှေးခြင်း၊စီးပွားရေးနှောက်နှေးခြင်း၊ကျောင်းသားကျောင်းသူများ ကျောင်း သွားရာတွင်အခက်အခဲများကြုံတွေ့ရသည်။ထို့အပြင်အရေးပေါ်ကျန်းမာရေး ပြဿနာများကိုလည်း အချိန်မှီကုသနိုင်ရန်အတွက် လွန်စွာ ခက်ခဲလှပါသည်။နှစ်စဉ် မိုးရာသီတွင် လမ်းများပေါ်ရေကျော်သည့် အကျိုးရလဒ်ကိုလည်း ကြုံတွေ့ခံစားရပါသည်။

ပါဝင်ဆွေးနွေးသူ(၁၂၆)ဦး။

# အမျိုးသားများ၏ကျေးရွာအခက်အခဲပြဿနာများ

ကျေးရွာ - သောင်လယ်  အုပ်စု - သောင်လယ်  နေ့စွဲ - ၁၁.၃.၂၀၁၇

| စဉ် | ပြဿနာအခက်အခဲ | အဆိုပြုသူ |
|---|---|---|
| ၁ | စာသင်ကျောင်းများပြည့်စုံမှုမရှိ၍ကလေးများစာသင်ရာတွင်ခက်ခဲ | ကျား |
| ၂ | မိုးအခါလမ်းများပွက်ထခြင်း၊လမ်းကျဉ်းခြင်းကြောင်းသွားလာရေးခက်ခဲခြင်း | ကျား |
| ၃ | ရေတိုက်စားခြင်းကြောင့်ကမ်းပါးများပြို၍ အိမ်များရွှေ့ပြောင်းရသည့်အခက်အခဲ | ကျား |
| ၄ | အားကစားကွင်းပြုပြင်ခြင်းမရှိ၍ လူငယ်များအားကစားဘက်တွင်အားနည်းခြင်း | ကျား |
| ၅ | လျှပ်စစ်မီးမရှိ၍ညပိုင်းသွားလာရခက်ခဲခြင်း | ကျား |
| ၆ | အစည်းအဝေးပြုလုပ်ရန်နေရာခက်ခဲခြင်း | ကျား |
| ၇ | | |

ကူညီပံ့ပိုးသူ - စိုင်းအောင်ထက်သူ၊ ဝတ်ရည်လှိုင်  ပါဝင်သူ - ကျား ( ၆၇) ၊

# အမျိုးသမီးများ၏ကျေးရွာအခက်အခဲပြဿနာများ

ကျေးရွာ - သောင်လယ်　　အုပ်စု - သောင်လယ်　　နေ့စွဲ - ၁၁.၃.၂၀၁၇

| စဉ် | ပြဿနာအခက်အခဲ | အဆိုပြုသူ |
|---|---|---|
| ၁ | မိုးအခါလမ်းများပွက်ထခြင်း၊လမ်းကျဉ်းခြင်းကြောင်း သွားလာရေးခက်ခဲခြင်း | မ |
| ၂ | လျှပ်စစ်မီးမရှိ၍ညပိုင်းသွားလာရခက်ခဲခြင်း | မ |
| ၃ | ရေတိုက်စားခြင်းကြောင့်ကမ်းပါးများပြို၍ အိမ်များရွှေပြောင်း ရသည့်အခက်အခဲ | မ |
| ၄ | စာသင်ကျောင်းများပြည့်စုံမှုမရှိ၍ကလေးများစာသင်ရာတွင် ခက်ခဲ | မ |
| ၅ | ဆေးပေးခန်းမရှိ၍မြို့သို့ဆေးသွားရောက်ကုသရသည့်အခက်အခဲ | မ |
| ၆ | | |
| ၇ | | |

ကူညီပံ့ပိုးသူ -ဝတ်ရည်လှိုင်၊စိုင်းအောင်ထက်သူ　　ပါဝင်သူ - မ(၅၉)

# ကျေးရွာဖွံ့ဖြိုးရေးမျှော်မှန်းချက်

ကျေးရွာ - သောင်လယ် အုပ်စု - သောင်လယ် နေ့စွဲ - ၁၁.၃.၂၀၁၇

| စဉ် | ကျေးရွာဖွံ့ဖြိုးရေးမျှော်မှန်းချက်(ကျား) | ကျေးရွာဖွံ့ဖြိုးရေးမျှော်မှန်းချက်( မ ) |
|---|---|---|
| ၁ | ကလေးများလုံခြုံမှုရှိပြီး အေးချမ်းစွာပညာသင်ကြားနိုင်မည်။ | ရာသီမရွေးသွားလာရလွယ်ကူသောလမ်းဖြစ်လာရန် |
| ၂ | လမ်းတံတားများကောင်းမွန်ပြီးအဆင်ပြေချော မွေ့စွာသွားလာနိုင်မည်။ | ညအခါသွားလာရလွယ်ကူစေရန်တစ်ရွာလုံးလျှပ်စစ် မီးရရှိရန် |
| ၃ | ကျေးရွာတွင်ရေဝတိုက်စားမှုကင်းပြီးရေရှည်တ ည်တံ့ခိုင်မြဲစေရန် | ကမ်းပါးပြိုခြင်းမှကင်းဝေးပြီးအိမ်များမရွှေ့ပြောင်းရ သောကျေးရွာလေးဖြစ်လာရန် |
| ၄ | ကျေးရွာလူငယ်အားကစားကွင်းပိုမိုကောင်းမွန် လာစေရန် | လုံခြုံသောစာသင်ကျောင်းဆောင်ဖြစ်လာရန် |
| ၅ | တစ်ရွာလုံးလျှပ်စစ်မီးလင်းရန် | ပြီးပြည့်စုံသောဆေးပေးခန်းရှိလာရန် |
| ၆ | အစည်းအဝေးကျင်းပရာတွင် အဆင်ပြေစေရန်အတွက်ကျေးရွာခန်းမဆောင် ရှိရန် | |

ကူညီပံ့ပိုးသူ - - ကျား ( ၆၇) ၊မ(၅၉)

# ကျေးရွာဦးစားပေးဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ကျေးရွာ -သောင်လယ် အုပ်စု - သောင်လယ် နေ့စွဲ - ၁၁.၃.၂၀၁၇

| စဉ် | အမျိုးသားဦးစားပေး | အမျိုးသမီးဦးစားပေး |
|---|---|---|
| ၁ | စာသင်ကျောင်းဆောင်ပြုပြင်ခြင်းနှင့်ကျောင်းခြံစည်းရိုးပြုပြင်ခြင်း | စာသင်ကျောင်းဆောင်ပြုပြင်ခြင်းနှင့်ကျောင်းခြံစည်းရိုးပြုပြင်ခြင်း |
| ၂ | ရွာချင်းဆက်လမ်းနှင့်တံတားပြုပြင်ရန် | ရွာချင်းဆက်လမ်းနှင့်တံတားပြုပြင်ရန် |
| ၃ | မြေထိန်းနံရံတည်ဆောက်ခြင်း | မြေထိန်းနံရံတည်ဆောက်ခြင်း |
| ၄ | ရွာတွင်းလျှပ်စစ်မီးသွယ်တန်းခြင်း | ရွာတွင်းလျှပ်စစ်မီးသွယ်တန်းခြင်း |
| ၅ | ကျေးရွာလူငယ်အားကစားကွင်း | ဆေးပေးခန်း |
| ၆ | ကျေးရွာခန်းမဆောင် | |
| ၇ | ကလေးကစားကွင်း | |
| ၈ | | |

ကူညီပံ့ပိုးသူ -စိုင်းအောင်ထက်သူ၊ဝတ်ရည်လှိုင် ပါဝင်သူ - ကျား ( ၆၇) ၊မ(၅၉)

# ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်

ကျေးရွာ - သောင်လယ်　　အုပ်စု - သောင်လယ်　　နေ့စွဲ - ၁၁.၃.၂၀၁၇

| စဉ် | ကျေးရွာအတွက်ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ | အဆိုပြုသူ (ကျား/မ) | ဦးစားပေး အဆင့် | ခန့်မှန်း ကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ အရေအတွက် |
|---|---|---|---|---|---|
| ၁ | စာသင်ကျောင်းဆောင်ပြုပြင်ခြင်းနှင့် ကျောင်းခြံစည်းရိုးပြုပြင်ခြင်း | ကျား/မ | ၁ | ၁၀၀၀၀၀၀၀ | ၁၉၇၅ ဦး |
| ၂ | ရွာချင်းဆက်လမ်းနှင့်တံတားပြုပြင်ရန် | ကျား/မ | ၂ | ၂၀၀၀၀၀၀၀ကျပ် | ၆၄၈ ဦး |
| ၃ | မြေထိန်းနံရံတည်ဆောက်ခြင်း | ကျား/မ | ၃ | ၆၀၀၀၀၀၀ကျပ် | ၆၄၈ ဦး |
| ၄ | ရွာတွင်းလျှပ်စစ်မီးသွယ်တန်းခြင်း | ကျား/မ | ၄ | | ၆၄၈ ဦး |
| ၅ | ကျေးရွာလူငယ်အားကစားကွင်း | ကျား | ၅ | | ၆၄၈ ဦး |
| ၆ | **ကျေးရွာခန်းမဆောင်** | ကျား | ၆ | | ၆၄၈ ဦး |
| ၇ | ကလေးကစားကွင်း | ကျား | ၇ | | ၆၄၈ ဦး |
| ၈ | ဆေးပေးခန်း | မ | ၈ | | ၆၄၈ ဦး |

ပါဝင်ဆွေးနွေးသူ၊ (၁၆၂)ဦး

# ကော်မတီဝင်စာရင်းများ

ကျေးရွာ - သောင်လယ်　　　အုပ်စု - သောင်လယ်　　　နေ့စွဲ - ၁၁.၃.၂၀၁၇

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | ဦးခင်မောင်ဦး | ကျေးရွာစီ/ထောက်ဥက္ကဌ |
| ၂။ | ဒေါ်အေးမြလှိုင် | ကျေးရွာစီ/ထောက်ဥက္ကဌ |
| ၃။ | ဦးဘိုမြင့် | ဝယ်ယူရေးကော်မတီဥက္ကဌ |
| ၄။ | | ဝယ်ယူရေးကော်မတီအဖွဲ့ဝင် |
| ၅။ | ဒေါ်နန်း | ဝယ်ယူရေးကော်မတီအဖွဲ့ဝင် |
| ၆။ | ဦးကြည်ရွှေ | စောင့်ကြည့်ကြီးကြပ်ရေးကော်မတီဥက္ကဌ |
| ၇ | ဒေါ်စန္ဒာဦး | စောင့်ကြည့်ကြီးကြပ်ရေကော်မတီအဖွဲ့ဝင် |
| ၈။ | ဦးစန်းလွင် | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီဥက္ကဌ |
| ၉။ | ဒေါ်နီမာစိုး | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် |
| ၁၀။ | ဦးကျော်အောင် | အကြံပြုကိုယ်စားလှယ် |
| ၁၁။ | ဒေါ်နန်းကြူ | အကြံပြုကိုယ်စားလှယ် |
| ၁၂။ | ဦးကျော်မျိုးသူ | ငွေစာရင်းကိုင် |
| ၁၃။ | ဦးကျော်ငွေး | စေတနာ့ဝန်ထမ်း |
| ၁၄။ | ဒေါ်ဝင်းဝါသက် | စေတနာ့ဝန်ထမ်း |

အစည်းအဝေးမှတ်တမ်း(သောင်လယ်ကျေးရွာအုပ်စု)

ကျေးရွာ - သောင်လယ်

ကျေးရွာအုပ်စုတ် - သောင်လယ်

မြို့နယ် - ကျောက်ကြီး

အစည်းအဝေးရက်စွဲ- ၁၀.၃.၂၀၁၇ မှ ၁၁.၃.၂၀၁၇ ထိ

အစည်းအဝေးကျင်းပချိန် -နံနက် (၉)နာရီ မှ ညနေ (၅) နာရီထိ

အစည်းအဝေးအစီအစဉ် -(၁) သဘာပတိမှအစည်းအဝေးဖိတ်ကြားခြင်းနှင့် အစည်းအဝေးစတင် ကြောင်းကြေညာခြင်း

(၂)ကျေးရွာအုပ်ချုပ်ရေးမှူးမှအဖွင့်အမှာစကားပြောကြားခြင်း

(၃)မိတ်ဆက်ခြင်းအစည်းအဝေး

(၄)စီမံကိန်းမိတ်ဆက်(ရည်ရွယ်ချက်၊စီမံကိန်းမိတ်ဆက်၁၁ချက်)

(၅)စီမံကိန်းတွင်ပါဝင်သူများ၏ဆောင်ရန်၊ရှောင်ရန်များ

(၆)စီမံကိန်း၏အကျိုးဝင်/မဝင်များအကြောင်းရှင်းပြခြင်း

(၇)စီမံကိန်းတွင်အဓိကပါဝင်သူများ၏လုပ်ငန်းတာဝန်များ

(၈)အကာအကွယ်များ(သဘာဝအကာအကွယ်၊လူမှုအကာအကွယ်

(၉)ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးစနစ်

(၁၀)စေတနာ့ဝန်ထမ်းရွေးချယ်ခြင်း

အစီအစဉ်(၁)အရ အသဘာပတိမှအစည်းအဝေးဖတ်ကြားခြင်းနှင့် အစည်းအဝေးစတင် ကြောင်း ကြေညာပြီးနောက်အစည်းအဝေးကို ဖွင့်လှစ်ခဲ့ပါသည်။

အစီအစဉ် (၂)အရ ကျေးရွာအုပ်ချုပ်ရေးမှူး မှအဖွင့် အမှာ စကားပြောကြားသည်။
အစီအစဉ် (၃)အရ လူထုဗဟိုပြုဝန်ထမ်းများက ကျေးရွာလူထုနှင့်မိတ်ဆက်ခြင်းပြုလုပ်ပါသည်။
အစီစဉ် (၄)အရ လူထုစည်းရုံးရေးမှူးမှ စီမံကိန်းအကြောင်းမိတ်ဆက်ခြင်းနှင့်စီမံကိန်း၏ ရည်ရွယ်ချက်ကိုရှင်းပြပါသည်။

အစီအစဉ်(၅)အရစီမံကိန်းတွင်ပါဝင်သူများ၏ ဆောင်ရန်၊ရှောင်ရန်များကို ဆက်လက်၍ရှင်းပြပါသည်။
အစီအစဉ်(၆)အရ စီမံကိန်း၏အကျိုးဝင်/မဝင်လုပ်ငန်းများအကြောင်းကို လူထုစည်းရုံးရေးမှူး မှရှင်းပြဆွေးနွေးခဲ့ပါသည်။
အစီအစဉ်(၇)အရ စီမံကိန်းတွင်စီမံကိန်းတွင်အဓိကပါဝင်သူများ၏တာဝန်ဝတ္တရားများကို လူထုစည်းရုံးရေးမှူးမှ ဆွေးနွေးတင်ပြခဲ့သည်။
အစီအစဉ်(၈)အရ အကာအကွယ်များအကြောင်းကို စည်းရုံးရေးမှူးမှ အကျယ်တဝင့် ဆွေးနွေး တင်ပြခဲ့ပါသည်။
အစီအစဉ်(၉)အရ ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းကို အကျယ်တဝင့်ရှင်းပြခဲ့ပါသည်။
အစီအစဉ်(၁၀)အရ စေတနာ့ဝန်ထမ်းရွေးချယ်ခြင်းအား အဆိုပြုရွေးချယ်ခါ မဲပေးရွေးချယ်ခဲ့ပါသည်။ ကျေးရွာစေတနာ့ဝန်ထမ်းအဖြစ် အမျိုးသားစေတနာ့ဝန်ထမ်း (ဦးကျော်ဌေး )နှင့် အမျိုးသမီး စေတနာ့ ဝန်ထမ်း ( ဒေါ်ဝင်းဝါသက်)ကို မဲအများဆုံးဖြစ်ရွေးချယ်ခဲ့ပါသည်။နေခင်းပိုင်း(၁၂)နာရီတွင် အစည်းအဝေးချိန်ကို သတ်မှတ်၍ ထမင်းစားနားကြပါသည်။ ညနေပိုင်းအစည်းအဝေးကို (၁:၃၀)နာရီတွင် ပြန်လည်ကျင်းပခဲ့ပါသည်။ တက်ရောက် လာသော ကျေးရွာသူ/သားများအား အဖွဲ့နှစ်ဖွဲ့ခွဲကာ လူထုစမ်းစစ်ခြင်း(PRA tool)များကို လူထုစည်းရုံးရေး မှူးအကူအညီဖြင့် ပြုလုပ်ခဲ့ပါသည်။အဖွဲ့(၁)မှ ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ချမ်းသာအဆင့်ခွဲခြင်းနှင့် ရာသီခွင်ပြပြက္ခဒိန်တို့ကို ဆွေးနွေးပြုလုပ်ခဲ့ကြပြီး အဖွဲ့(၂)မှ ပိုင်ဆိုင်ခြင်းပြပုံစံ၊ကျား/မ အခန်းကဏ္ဍပြ ပုံစံနှင့် အဖွဲ့အစည်းချိတ်ဆက်မှုဆိုင်ရာ ဆန်းစစ်ခြင်းတို့ကို ဆွေးနွေးပြုလုပ်ခဲ့ကြပါသည်။ထို့နောက် အဖွဲ့အချင်းချင်း ပြန်လည်ရှင်းလင်းတင်ပြခြင်းနှင့် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြပြီး အစည်းအဝေးပြီးဆုံးခဲ့ပါသည်။
ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးအတွက် အချိန်ကိုညှိနှိုင်းပြီး သဘောတူညီမှုရယူကာ

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို(၁၁.၃.၂၀၁၇)ရက်နေ့ နံနက်(၁:၃၀)နာရီတွင်ကျင်းပပြီး ပထမအကြိမ်ကျေးရွာအစည်းအဝေးအကြောင်းကိုပြန်လည် ဆွေးနွေးသုံးသပ်ပါသည်။ထို့နောက် တက်ရောက်လာသော ကျေးရွာလူထုအား အမျိုးသား/အမျိုးသမီးခွဲ၍ အခက်အခဲပြဿနာနှင့်နောင် (၅)နှစ် ရည်မှန်းချက်များအား ဆွေးနွေးပြီး ပြဿနာသစ်ပင်ကို ဥပမာထား၍ ၄င်းတို့၏ အခက်အခဲများ ကိုဆွေးနွေးဖြေရှင်းကြပါသည်။ထို့နောက်အမျိုးသမီး။အမျိုးသားတို့၏ဦစားပေးလုပ်ငန်းများကို အခက်အခဲများအပေါ် အခြေခံပြီး ဆွေးနွေးကြပါသည်။ပြီးနောက် အမျိုးသား၊အမျိုးသမီးပေါင်းကာ

၄င်းတို့၏ဦးစားပေးလုပ်များအကြောင်းဆွေးနွေးကြပါသည်။ ကျေးရွာ၏ဦး
ကျေးရွာ၏ဦးစားပေးလုပ်ငန်းများမှာ(၁)စာသင်ကျောင်းဆောင်ပြုပြင်ခြင်းနှင့်ကျောင်းခြံစည်းရိုးကာ ရံခြင်း
(၂)ရွာချင်းဆက်လမ်းနှင့်တံတားပြုပြင်(၃)မြေထိန်းနံရံတည်ဆောက်ခြင်း(၄)ရွာတွင်းမီးသွယ်တန်း ခြင် ခြင်း(၅)ကျေးရွာလူငယ်အားကစားကွင်း၊(၆)ကျေးရွာခန်းမဆောင်၊ကလေးကစားကွင်း၊ဆေးပေးခန်း ကိုရွာ၏အဓိကလိုအပ်ချက်များ အဖြစ်တင်ပြခဲ့ ကြပါသည်။ထို့နောက်ဆက်လက်၍ ကော်မတီဝင်များ၏တာဝန်ဝတ္တရားများအား လူထုစည်းရုံးရေးမှူးမှ ရှင်းပြပြီး ကျေးရွာစီ/ထောက်ကော်မတီအတွက် အဆိုပြုတင်သွင်းပြီး မဲခွဲဆုံးဖြတ်ခဲ့ကြသည်။ဆက်လက်၍ လူထုဗဟိုပြုစီမံကိန်း၏ ကော်မတီဖွဲ့စည်းပုံအတိုင်း အဆိုပြုမဲပေးရွေးချယ်ဆုံးဖြတ်ခဲ့ကြပါသည်။

ကျေးရွာစီ/ထောက် ကော်မတီဥက္ကဋ္ဌအဖြစ်(၁)ဦးခင်မောင်ဦး (၂)
ဒေါ်အေးမြလှိုင်၊ဝယ်ယူရေးဆပ်ကော်မတီအဖြစ် (၁) ဦးဘိုမြင့် (၂)ဒေါ်နန်း
စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီအဖြစ်(၁) ဦးကြည်ရွှေ (၂) ဒေါ်စန္ဒာဦး
လည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီအဖြစ် (၁) ဦးစန်းလွင် ၊(၂) ဒေါ်နီမာစိုး
ကျေးရွာငွေစာရင်းကိုင် အဖြစ် (၁) ဦးကျော်မျိုးသူ
ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးကိုယ်စလှယ် အဖြစ် (၁) ဦးကျော်အောင် (၂) ဒေါ်နန်းကြူ
ကျေးရွာစေတနာ့ဝန်ထမ်း အဖြစ် ဦးကျော်ဌေးနှင့် ဒေါ်ဝင်းဝါသက်တို့ဖြစ်ပါသည်။ထိုသို့ ကျေးရွာကော ကျေးရွာကော်မတီများကို မဲပေးရွေးချယ်ခဲ့ပြီး ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို ညနေ(၅:၀၀)နာရီတွင် ပြီးဆုံးခဲ့ပါသည်။

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင်အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးဟန်ချစ်သူ | | ဒေါ်ဖြူဖြူသင်း |

| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု သောင်ယယ် | ကျေးရွာ သောင်ယယ် |
|---|---|---|---|

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၁၃၆ | ဘာသာ (၁) ဗုဒ္ဓ | ၁၃၆ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁၄ ဦး | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၅၄ ဦး | | |
| စစ်ဘေးရှောင် | ၁၅ | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၀၉ | ၂၄၂ |
| လူမျိုးစု (၁)---ဗမာ | ၂၀၉ | ၂၄၂ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၁၀ | ၂၆ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | [illegible] | ☑ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၃ မိုင်--/မသိပါ
(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၃၅--------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား -------------------
မိုးရာသီတွင်ကြာချိန်------------၄၅---------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား -------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ (၁) ရေကြီး [illegible]
(၂) [illegible]
(၃) [illegible]

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----------------------------------
(၂) ----------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။
☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် နေ့စွဲ

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် နေ့စွဲ

## ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးမီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်မြမြဉာဏ်း | | | |
| နေ့စွဲ 11.3.2017 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု သောင်ကလေး | ကျေးရွာ သောင်ကလေး |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့် နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 10.3.2017 | 10.3.2017 | 67 | 59 | 126 | ဗမာ 126 |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 11.3.2017 | 11.3.2017 | 67 | 59 | 126 | 〃 - |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 13.3.2017 | 13.3.2017 | 32 | 16 | 48 | ဟိန္ဒူဗမာ 5<br>အစ္စလာမ် 5<br>ဗမာ 38 |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 27.4.2017 | 28.4.2017 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 15.5.17 | 15.5.2017 | 35 | 24 | 59 | ဗမာ 59 |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | 15.5.2017 | 15.5.2017 | 35 | 24 | 59 | ဗမာ | 59 |
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 15.5.2017 | 15.5.2017 | 35 | 24 | 59 | ဗမာ | 59 |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 15.5.2017 | 15.5.2017 | 35 | 24 | 59 | ဗမာ | 59 |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 15.5.2017 | 15.5.2017 | 35 | 24 | 59 | ဗမာ | 59 |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | 3.6.17 | 3.6.17 | 7 | 6 | 13 | ဗမာ | 13 |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | 14.7.17 | 14.7.17 | 7 | 6 | 13 | ဗမာ | 13 |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | 20.7.17 | 20.7.17 | 43 | 54 | 97 | ဗမာ | 97 |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်။* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဂန်ကမ်း အမည် ဒေါ်ဖြူဖြူဘောင်း | | | |
| နေ့စွဲ 11. 3. 2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>ပဲခူး | မြို့နယ်<br>ကျောက်ကြီး | ကျေးရွာအုပ်စု<br>ဘောင်ကာယာ | ကျေးရွာ<br>ဘောင်ကာယာ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | စာသင်ကျောင်းများ ဖွင့်လှစ်မှု မရှိ၍ ကလေးများ စာသင်ရာတွင် ခက်ခဲခြင်း | ၁ | မိုးရာသီ လမ်းများ ပျက်စီးခြင်းနှင့် လမ်းကျဉ်းမြောင်းခြင်းကြောင့် သွားလာရခက်ခဲခြင်း |
| ၂ | မိုးရာသီ လမ်းများ ပျက်စီးခြင်း၊ လမ်းကျဉ်းခြင်းကြောင့် သွားလာရခက်ခဲခြင်း | ၂ | လျှပ်စစ်မီး မရှိသောကြောင့် ညဘက် သွားလာ ခက်ခဲခြင်း |
| ၃ | ရေထိန်းဆည်မရှိခြင်းကြောင့် ကောက်ပဲသီးနှံ ပိုးမွှားများ ရောဂါ ကျရောက်ခက်ခဲ | ၃ | ကားလမ်း မရှိသောကြောင့် သီးနှံများ ရောင်းချရသည် ခက်ခဲ |
| ၄ | အာဟာရ ကျန်းမာရေး မရှိ၍ ကလေးများ အားကစားဘက်တွင် အားနည်းခြင်း | ၄ | စာသင်ကျောင်းများ မလုံလောက်သောကြောင့် ကလေးများ ပညာသင်ကြားရာတွင် ခက်ခဲခြင်း |
| ၅ | မီးမရှိ၍ ညဘက် သွားလာရခက်ခဲခြင်း | ၅ | ဆေးပေးခန်း မရှိ၍ ဆေးသွားရောက်ကုသရာ၌ ခက်ခဲ |
| ၆ | ... ခက်ခဲခြင်း | | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကလေးများ လုံလောက်မှုရှိပြီး အဆင့်မြင့် ပညာသင်ကြားနိုင်ရန် | ၁ | ရာသီမရွေး သွားလာ လျှောက်ကူ သော လမ်း ဖြစ်လာရန် |
| ၂ | ကားလမ်း ကောင်းမွန်ပြီး ... သွားလာနိုင်ရန် | ၂ | ညဘက် သွားလာ လျှောက်ကူ စေရန် တစ်ရွာလုံး လျှပ်စစ်မီး ရရှိရန် |

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၃ | ကျေးရွာများ ရေတိုက်စားမှုကြောင့် ပြိုကျ ရ၍ ညှိကျသွားတဲ့ ခြိမ်းခြောက်မှု | ၃ | ကမ်းပါးပြိုခြင်းမှ ကာဗီး ပေး ပြီး မိုးများ မ ရွှေ့ပြောင်းရတဲ့ ကျေးရွာ အလေး ဖြစ်လာရန် |
| ၄ | ကျေးရွာ လူ ပေါ် သွားလာ ရေးကွင်း ရှိမှု ကောင်း မွန်လာရန် | ၄ | ယုံကြည် သော စာသင်ကျောင်း ဆောင် ဖြစ်လာရန် |
| ၅ | တစ်ရွာလုံး လျှပ်စစ်မီး လင်းရန် | ၅ | ပြီးပြည့်စုံ သော ဆေးပေးခန်း ရှိလာရန် |
| ၆ | အထူး အပေးကျောင်းပရာတွင် ... ကျေးရွာခန်းမဆောင် ရှိလာရန် | ၆ | |
| ၇ | | ၇ | |

၈။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | စာသင်ဆောင်ပြုပြင်ခြင်း နှင့်ကျောင်းခြံစည်းရိုးပြုပြင်ခြင်း | ကျား+မ | | ၆၄၈ |
| ၂ | ရွာချင်းဆက်လမ်း နှင့် တံတားပြုပြင်ရန် | ကျား+မ | | ၆၄၈ |
| ၃ | ဆေးတိုက်၊ နှံ့ရ တည် ဆောက်ခြင်း | ကျား+မ | | ၆၄၈ |
| ၄ | ရွာတွင်းမီး သွယ်ခြင်း | ကျား+မ | | ၆၄၈ |
| ၅ | ကျေးရွာလူထုသွားလာရေးကွင်း | ကျား | | ၆၄၈ |
| ၆ | ကျေးရွာခန်းမဆောင် | ကျား | | ၆၄၈ |
| ၇ | ကလေးကစားကွင်း | ကျား | | ၆၄၈ |
| ၈ | ဆေးပေးခန်း | [illegible]မ | | ၆၄၈ |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] | မ | |
| ၂ | [illegible] | က | |
| ၃ | [illegible] သင်တန်း | က | |
| ၄ | [illegible] သင်တန်း | မ | |
| ၅ | ကွန်ပျူတာ သင်တန်း | မ | |
| ၆ | English speaking သင်တန်း | ပ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် [signature] နေ့စွဲ ၁၁ . ၃ . ၂၀၁၇

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

အနှစ်ချုပ်

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်၊အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်၊MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ဖြစ်ပမှုမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ဆေးပေးခန်း | ☑ မ ☑ ကျား | သောဇလယ် | မရှိ |
| | ၂ | အားကစားကွင်း | ☑ မ ☑ ကျား | သောဇလယ် | မရှိ |
| | ၃ | မရှိ | ☐ မ ☐ ကျား | | |
| | ၄ | မရှိ | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိတ်ပျိုးရေး | ၁ | စိုက်ပျိုးရေး | ☐ မ ☑ ကျား | သောဇလယ် | မရှိ |
| | ၂ | အပ်ချုပ်သင်တန်း | ☑ မ ☐ ကျား | သောဇလယ် | မရှိ |
| | ၃ | မရှိ | ☐ မ ☐ ကျား | | မရှိ |
| | ၄ | မရှိ | ☐ မ ☐ ကျား | | မရှိ |
| | ၅ | မရှိ | ☐ မ ☐ ကျား | | မရှိ |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | မရှိ | ☐ မ ☐ ကျား | | မရှိ |
| | ၂ | မရှိ | ☐ မ ☐ ကျား | | မရှိ |
| | ၃ | မရှိ | ☐ မ ☐ ကျား | | မရှိ |
| | ၄ | မရှိ | ☐ မ ☐ ကျား | | မရှိ |
| | ၅ | မရှိ | ☐ မ ☐ ကျား | | မရှိ |
| ပညာရေး | ၁ | ကွန်ပြူတာသင်တန်း | ☑ မ ☐ ကျား | သောဇလယ် | မရှိ |
| | ၂ | English သင်တန်း | ☑ မ ☐ ကျား | သောဇလယ် | မရှိ |
| | ၃ | မရှိ | ☐ မ ☐ ကျား | | မရှိ |

| | | | | | |
|---|---|---|---|---|---|
| | ၄ | မရှိ | □ မ<br>□ ကျား | | |
| | ၅ | မရှိ | □ မ<br>□ ကျား | | |
| အခြား | ၁ | မရှိ | □ မ<br>□ ကျား | | |
| | ၂ | မရှိ | □ မ<br>□ ကျား | | |
| | ၃ | မရှိ | □ မ<br>□ ကျား | | |
| | ၄ | မရှိ | □ မ<br>□ ကျား | | |
| | ၅ | မရှိ | □ မ<br>□ ကျား | | |

## ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | |
|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဖဲပြုသင်း | | |
| နေ့စွဲ 13. 3. 2017 | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☑စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု သောင်ကယက်ကုန်ရ |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ကညင်ကွ + သချက်စွန် | ကျောက်ခင်းလမ်း ပြုပြင်ခြင်း | 2500'x12'x 0'9" | 612 | ☐ ကျား ☐ မ ☑ ကျား+ မ | 5,500,000 | | | | |
| " | ရေပြွန်တံတား တည်ဆောက်ခြင်း | 2x(3'ф x2'(ထွ)) | | ☐ ကျား ☐ မ ☑ ကျား+ မ | 1,500,000 | | | | |
| ဒိုးတန်း | ကျောက်ခင်းလမ်း ပြုပြင်ခြင်း | 2500'x12'x0'8" | 850 | ☐ ကျား ☐ မ ☑ ကျား+ မ | 8,100,000 | | | | |
| အင်ကောင်းကုန်း | ကျောက်ခင်းလမ်း ပြုပြင်ခြင်း | 2300'x8'x0'6" | 330 | ☐ ကျား ☐ မ ☑ ကျား+ မ | 6,000,000 | | | | |
| ခုံကြီး | ကျောက်ခင်းလမ်း ပြုပြင်ခြင်း | 3500'x8'x0'6" | 560 | ☐ ကျား ☐ မ ☑ ကျား+ မ | 6,500,000 | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ　　လက်မှတ်　　ရက်စွဲ 13-3-2017

ဦးငွေလွင်

ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | |
|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်မြမြဝင်း | | |
| နေ့စွဲ 13.3.2017 | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☑စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု သောင်လျား |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| နွယ်တန်းကျေးရွာ | ရေပြွန်တံတား [illegible] ပြုပြင်ခြင်း | 370'x12'x6' | 764 | ☐ ကျား ☐ မ ☑ ကျား+ မ | 1,500,000 | | | | |
| | ရေပြွန် တံတား ပြုပြင်ခြင်း | (2x5'φ)x12' Long) | | ☐ ကျား ☐ မ ☑ ကျား+ မ | 2,500,000 | | | | |
| သောင်လျား | ကျောင်းဆောင် ပြုပြင်ခြင်း | 80'x30'x12' | 648 | ☐ ကျား ☐ မ ☑ ကျား+ မ | 6,500,000 | | | | |
| သာစည် | ကျောင်းဆောင် တိုးချဲ့ပြုပြင်ခြင်း | 60'x30'x12' | 1334 | ☐ ကျား ☐ မ ☑ ကျား+ မ | 15,000,000 | | | | |
| ရာဇကန် | [illegible] ရေလမ်း ပြုပြင်ခြင်း | 4000'x12'x5' | 448 | ☐ ကျား ☐ မ ☑ ကျား+ မ | 4,500,000 | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ    လက်မှတ်    ရက်စွဲ 13-3-2017

ဦးမြွေလွင်